# ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (21-10-2008) (၅၈၃၈)




နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့်

## ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော်  အောက်တိုဘာ  ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး တို့သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၁-၁၀-၂၀၀၈
(အင်္ဂါနေ့)

# သဘာဝအခြေခံကောင်းများ ရယူအသုံးချ စားနပ်ရိက္ခာဖူလုံပြည့်စုံရေး ဆက်လက်ကြိုးပမ်း

မျက်မှောက်အချိန်အခါတွင် ကမ္ဘာတစ်ဝန်း၌ လေထုပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလာလျက်ရှိသည်။ ကမ္ဘာ့နေရာဒေသအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြည်သူအများ သဘာဝဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့နေကြရသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်ကြောင့် ဇီဝစွမ်းအင်လိုအပ်ချက်မြင့်မားလာသည်။ ယခုအခါ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးသည် လူသားအားလုံးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာဖူလုံမှုမရှိသည့်အတွက် လူဦးရေ သန်း ၈၆၀ ကျော်သည် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးစပါး၊ နွေစပါး စုစုပေါင်းဧက သန်း ၂၀ ကျော်စိုက်ပျိုးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်နေသဖြင့် စပါးနှင့် အခြားသီးနှံများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး အခါမလပ် ဖြည့်ဆည်းအားပေးလျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော်ကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးထားသည်။ တစ်ချိန်တည်းတွင် တောင်သူလယ်သမားများ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေး၊ လယ်ယာသုံး စက်ကိရိယာများ ရယူအသုံးပြုနိုင်ရေးတို့ကိုလည်း အားပေးကူညီလျက်ရှိရာ သီးနှံစိုက်ပျိုးမှုများ အောင်မြင်လျက်ရှိသည်။

ယခုအခါ ဒေသတွင်း နိုင်ငံအချို့၌ ဆန်လိုအပ်ချက် မြင့်တက်လာလျက်ရှိရာ ဆန်စပါး ပိုမိုစိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ပို့ကုန်အတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကိုသာမက အရည်အသွေးကောင်းမွန်ရေးကိုလည်း အလေးထားလုပ်ကိုင်ကြရမည်ဖြစ်သည်။ ဓာတုဓာတ်ကြွင်း အန္တရာယ်ကင်းသည့် သီးနှံများ၊ ဈေးကွက်ဝင်မျက်နှာပန်းလှသည့် ပစ္စည်းများဖြစ်ရေး တီထွင်ကြံဆ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့် ကြည့်ပါက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက် သာမက ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုနေသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများက ရေမြေသဘာဝ အခြေခံကောင်းများကို ထိထိရောက်ရောက် အသုံးချပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေး ဆက်လက်ကြိုးပမ်း စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်ပါသည်။ ။



**အောက်တိုဘာ ၁၁ ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ (၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။** (လူဝင်မှုကြီးကြပ်ရေး)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုနှင့် တာဘိုင်စက်များ ကြံ့ခိုင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၀

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် တာဘိုင်စက်များ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွာမစက်ရုံ Control Room ရှိ 33KV အထွက်ဖီဒါ ၉ ခုဖြင့် ဓာတ်အားထိန်းချုပ်ဖြန့်ဖြူးမှု အခြေအနေ၊ စက်ရုံရှိတာဘိုင်များ စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အား ထုတ်လုပ်လျက်ရှိမှု အခြေအနေ၊ အထွက်ဖီဒါ Control Panel များနှင့် Switch Yard ရှိ 33KV နှင့် 66KV အထွက် ဓာတ်အားလိုင်းများ ချိတ်ဆက် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ အရန်ပစ္စည်းများ ရောက်ရှိနေမှု အခြေအနေကိုလည်းကောင်း၊ အလုံဓာတ်အားပေးစက်ရုံ Control Room တွင် တာဘိုင်စက်များနှင့် ရေနွေးငွေ့ ဘွိုင်လာစက်များအား Computer Control System ဖြင့် ထိန်းချုပ်မောင်းနှင်ဓာတ်အားထုတ်လုပ်လျက်ရှိမှု အခြေအနေ၊ Control Pannel များမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (အမှတ်-၂ လျှပ်စစ်)

# အသည်းရောင်အသားဝါ (B) ရောဂါ ဆေးပညာဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

Fortune International Limited မှ စီစဉ်ကျင်းပသည့် HepatitisB "Total Care" ဆေးပညာဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် Fortune International Limited Managing Director ဦးမြဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန် အငြိမ်းစားဌာနမှူး ပါမောက္ခ ဦးစောနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းအထူးကုဌာနမှ ဌာနမှူး ပါမောက္ခ ဦးသံစစ်က "Roadmap Concept in Chronic Hepatitis B treatment" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအထူးကုစင်တာ အသည်းအထူးကုဌာနမှ ဌာနမှူး ပါမောက္ခဦးခင်မောင်ဝင်းက "Prevention of Hepatitis B" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး တက်ရောက်လာကြသောဆရာဝန်များ၏ သိလိုသည်များကိုပြန်လည်ရှင်းလင်းပြောကြားသည်။

Fortune International Limited သည် နိုင်ငံတကာမှ အရည်အသွေးမီ ဆေးနှင့် ဆေးပစ္စည်းများကို တင်သွင်း ဖြန့်ချိလျက်ရှိပြီး ယခုအခါ အသည်းရောင် အသားဝါ (B) ကာကွယ်ဆေး Livovax B ကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တစ်နိုင်ငံလုံးသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

### ဝယ်ယူနိုင်

ဆက်သွယ်လိုပါက အမှတ်(၁၁/၁၂) ဗဟိုစည်ဝင်း ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၉၂၊ ၂၁၁၃၉၃၊ ၂၁၁၃၉၄၊ အခန်း(T4+T5) ဂရိတ်ဝေါပလာဇာ ၃၁ လမ်းနှင့် ၇၈ လမ်းထောင့် မန္တလေး ဖုန်း-၀၂-၃၉၆၃၁၊ ၀၂-၃၉၆၃၂၊ အမှတ်(၁၃၉) သီရိရတနာ အဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၄၂၀၉၄၉၊ ၄၂၁၁၈၃-၆ သို့ စုံစမ်းဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**'' Hepatitis B Total Care'' ဆေးပညာဟောပြောပွဲတွင် Fortune International Limited Managing Director ဦးမြဟန် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားစဉ်။** (သတင်းစဉ်)

# မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က နှစ်စဉ် ကျင်းပမြဲဖြစ်သော ပူဇော်ပွဲကို အသင်းဝင်မိသားစုများနှင့် ဝေယျာဝစ္စအဖွဲ့ဝင်တို့ စုပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်ကျောင်းတိုက်တွင် နိုဝင်ဘာ ၂ ရက်(တနင်္ဂနွေနေ့) ၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများ- ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒုတိယဗိုလ်မှူးကြီး သက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ အတွင်းရေးမှူးအဖွဲ့ ဖုန်း-၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၆၆၂၀၈၆၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈နှင့် ဗိုလ်ကြီးမြတ်ထိုက်(ငြိမ်း) ဖုန်း-၆၈၃၂၉၄၊၇၀၉၄၁၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်သည်။

(ကြေးမုံ)

# စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ကြက်လျှာစံပြကျေးရွာ၏ ဘက်ပေါင်းစုံတည်ဆောက်မှု မြင်ကွင်းများ

မော်ကျွန်း-မြင့်အောင်
(ပြန်/ဆက်)

ကြက်လျှာ စံပြကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်တွင် ပြည်သူများ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ဖတ်ရှုနေကြစဉ်။



**ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်ဒေသများသည် နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရပြီး အသက် အိုးအိမ်ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။ ထိုအထဲတွင် ကြက်လျှာကျေးရွာအုပ်စုသည်လည်း ပါဝင်ခဲ့သည်။ ကြက်လျှာ ကျေးရွာအုပ်စုနှင့်အတူ ရှောက်ချောင်းကျေးရွာအုပ်စုနှင့် ကျွန်းချောင်းကျေးရွာအုပ်စုတို့သည်လည်း မုန်တိုင်းဒဏ် ခံစားခဲ့ရသည်။**

**မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို အားနှင့်မာန်နှင့် ပြန်လည်ထူထောင်ခဲ့ကြသည်။ စွမ်းအားညီညီ အားမာန်ချီခဲ့ကြသည်။ ပြည်သူများ၏ နိုးကြားတက်ကြွသော အားမာန်အဟုန်တို့ကြောင့် အချိန်တိုကာလအတွင်း ပြန်လည်ရုန်းထနိုင်ခဲ့သည်။ အံ့မခန်းပြန်လည် ဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် စွမ်းဆောင်နိုင်ခဲ့ကြပေသည်။**

စာရေးသူတို့အဖွဲ့သည် ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ကြက်လျှာစံပြကျေး၏ မြင်ကွင်းများကို ကွင်းဆင်းလေ့လာကြည့်ရှုရန် အောက်တိုဘာ ၁၂ရက် နံနက် ၆နာရီတွင် မော်လမြိုင်ကျွန်းမြို့ အသင့်ရေယာဉ်ဆိပ်ကမ်းတံတားမှ ပဲ့ထောင်ရေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ ကြက်လျှာကျေးရွာကား မော်လမြိုင်ကျွန်းမြို့၏ အောက်ဘက်ပင်လယ်ရေကြောင်းလမ်းနှင့်ထိစပ်နေသော ကျေးရွာဖြစ်သည်။ လမ်းခရီးတွင် မြင်းကကုန်း၊ ဂုံညင်းတန်း၊ ကျုံလမုကြီး၊ ကျွန်းချောင်းနှင့် ကျားဟုန်းကျေးရွာများကို ဖြတ်ကျော်ပြီးမှ ကြက်လျှာစံပြကျေးရွာသို့ ရောက်ရှိခဲ့သည်။

ကျားဟုန်းကျေးရွာ ကျော်လွန်သောအခါ မြစ်မှာအနည်းငယ်ကျယ်လာသည်။ ရေမှာ အနည်းငယ်လှိုင်းထန်လာသည်။ ရေပြင်လွှာပေါ်တွင် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။ မကြာလိုက်ပါ၊ ကြက်လျှာကို အဝေးမှ လှမ်းမြင်နေရသည်။ သွပ်မိုးဖွေးဖွေးကလေးများနှင့် နေအိမ်တန်းများကို အစီအရီမြင်တွေ့နေရသည်။

ထိုနေ့က ထွန်းသစ်စ နေရောင်ခြည်သည် ကြက်လျှာစံပြကျေးရွာတစ်ခုလုံးကို ဖျန်းပက်ထားသဖြင့် မြင်ကွင်းများ ကြည်လင် တောက်ပနေသည်။ ကြက်လျှာမြစ်ပြင်ကျယ်မှ ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးကလေးများ၏ အထိအတွေ့ကြောင့် အေးမြမှုအရသာကို ခံစားမိကြသည်။

ကြက်လျှာစံပြကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က စတင်တည်ဆောက်ခဲ့ကြောင်း၊ ကြက်လျှာကျေးရွာဟု အမည်ဖြစ်ပေါ်လာပုံမှာ ကြက်လျှာကျေးရွာကို ကနစိုချောင်းကြီးကျေးရွာအဝမှ လှမ်းကြည့်လျှင် ထောင့်ချွန်းပုံသဏ္ဌာန် ပေါ်နေသဖြင့် ကြက်လျှာချွန်းဟု အမည်ခေါ်တွင်ရာမှ ကာလအတန်ကြာသောအခါ ကြက်လျှာကျေးရွာဟု နာမည်တွင်လာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောပြသည်။

နံနက် ၈နာရီကျော်တွင် စာရေးသူတို့အဖွဲ့ ကြက်လျှာစံပြကျေးရွာသို့ ရောက်ရှိကြသည်။ ကြက်လျှာစံပြကျေးရွာ၏ တည်ဆောက်ပုံမှာ မြင်ကွင်းရှင်း၍ သေသပ်လှသည်။ ကြက်လျှာစံပြကျေးရွာသို့ လှမ်းဝင်လိုက်သောအခါ ကျေးလက်အိမ်ရာများကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်းသည် ဟူသည့် ဆိုင်းဘုတ်နှင့် လမ်းအဝင် ယာဘက်ခြမ်းတွင်T-Z-T-M ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်သည်ဟူသော ဆိုင်းဘုတ်တို့ကို တွေ့မြင်ရသည်။

ထို့အတူ ကျေးရွာအဝင်ယာဘက်ခြမ်းတွင် ဘောလုံးအားကစားကွင်း၊ ဘော်လီဘောကွင်းနှင့် ပိုက်ကျော်ခြင်း အားကစားကွင်းများကိုလည်း တွေ့မြင်ရသည်။ ကြက်လျှာရွာသားတို့သည် နံနက်ပိုင်းအားကစားပွဲအဖြစ် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းတို့ကို တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ကစားနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူမှာ ရွာအဝင်လမ်းမအတိုင်း လျှောက်လာရာ ပထမဦးဆုံး တွေ့မြင်လိုက်ရသော မြင်ကွင်းမှာ အလင်းရောင် ကိုယ့်အားကိုယ်ကိုးကျေးလက် စာကြည့်တိုက်ပင် ဖြစ်သည်။ ကြက်လျှာကျေးရွာသူ၊ ကျေးရွာသားများသည် အားလပ်ချိန်တွင် အနားမနေဘဲ အလင်းရောင်စာကြည့်တိုက်သို့ လာရောက်ကြပြီး ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများကို လာရောက်ဖတ်ရှုနေကြသည်။ အလင်းရောင် ကျေးလက်စာကြည့်တိုက်သည်ကား ကြက်လျှာစံပြကျေးရွာ၏ ပညာဘဏ်တိုက်စာကြည့်တိုက်ပင် ဖြစ်ပေသည်။

ထို့ပြင် ကြက်လျှာစံပြကျေးရွာဆေးခန်းကိုလည်း တွေ့မြင်ခဲ့ရသည်။ ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသပေးလျက်ရှိနေပေသည်။

ကြက်လျှာစံပြကျေးရွာ၏ လမ်းများမှာ အကျယ်ရှစ်ပေ၊ အမြင့်သုံးပေရှိသည်။ လမ်းများတွင် လမ်းညွှန်ဆိုင်းဘုတ်များရှိသည်။ နေအိမ်များမှာ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်များဖြစ်ပြီး နေအိမ်တိုင်းတွင် ယင်လုံအိမ်သာကို ကျေးရွာလုံး ကျွတ်ဆောက်လုပ်ထားကြောင်း သိရှိခဲ့ရသည်။

ကြက်လျှာစံပြကျေးရွာ၏ ကျေးရွာတည်ဆောက်ပုံမြင်ကွင်းမှာ တစ်မူထူးခြားနေသည်။ အခြားကျေးရွာများနှင့်မတူ အိမ်ရာကွက်ဖော်ထားမှုမှာ စနစ်ကျလှသည်။ အိမ်ရာဆောက်လုပ်မှုမှာ ညီညာစီတန်းနေသည်။ သန့်ရှင်းသပ်ရပ်နေသည်။ ရွာလမ်းဘေးဝဲ/ယာတို့၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားပြီး နေအိမ်ခြံဝင်းအတွင်း အနောက်ဘက်တွင် ဆယ်မျိုးဆယ်ပေါင်အဖြစ် စားသုံးပင်၊ ဟင်းသီးဟင်းရွက်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားသဖြင့် မိသားစုမီးဖိုချောင်စရိတ်ကာမိကြပေတော့မည်။

အထူးသဖြင့် ကြက်လျှာစံပြကျေးရွာအတွက် အရေးကြီးဆုံးမှာ ရေဖြစ်သည်။ စည်ပင်သာယာရေးဦးစီးဌာနက ရေအတွက် ပူပင်စရာမလိုအောင် ခေတ်မီဆိုလာပြားအသုံးပြုသော လေးလက်မအဝီစိစက်ရေတွင်းတူးဖော်၍ စီစဉ်ပေးထားသည်။ ယင်းမှထွက်ရှိသော ရေကို WEG ကုမ္ပဏီမှ လှူဒါန်းထားသော ရေသန့်စက်ဖြင့် သန့်ရှင်းသောသောက်ရေကို ရရှိနေပြီဖြစ်ရာ ကြက်လျှာ ကျေးရွာသူကျေးရွာသားများ စိတ်ချမ်းမြေ့စွာ အလုံအလောက် ခပ်ယူသုံးစွဲနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဤဒေသတွင် သန့်ရှင်းသောသောက်သုံးရေအတွက် ပူပင်စရာမလိုအောင် ဖြည့်ဆည်းနိုင်ခြင်းသည်ပင်လျှင် ဝမ်းသာစရာ မင်္ဂလာသတင်း ဖြစ်ပါသည်။

ကြက်လျှာစံပြကျေးရွာတွင် အရေးကြီးသော လုပ်ငန်းတစ်ခုမှာ လျှပ်စစ်မီးပင်ဖြစ်သည်။ စာရေးသူရောက်ရှိသွားချိန်တွင် ကြက်လျှာလမ်းမများ၌ လျှပ်စစ်မီးတိုင်များစိုက်ထူပြီးစီးနေပြီး မကြာမီပင် ၁၂ ဒသမ ၅ KVA ဓာတ်အားပေးစက်ဖြင့် ကြက်လျှာစံပြကျေးရွာတစ်ရွာလုံးကို လျှပ်စစ်မီးပေးတော့မည်ဖြစ်သည်။

ထို့ပြင် ကြက်လျှာစံပြကျေးရွာမူလတန်းကျောင်းကို အလျားပေ ၆၀၊ အနံပေ ၃၀ ကွန်ကရစ်အာစီအမိုးဖြင့် တည်ဆောက်နေပြီဖြစ်ရာ အကယ်၍ သဘာဝဘေး ကျရောက်လာပါက မူလတန်း ကျောင်းသူကျောင်းသားတို့သည် ကွန်ကရစ်အာစီအမိုးပေါ် တက်ရောက် ခိုလှုံနေထိုင်နိုင်ကြမည်ဖြစ်သည်။

စာရေးသူမှာ မြင်ကွင်းစုံကို တွေ့မြင်လိုသဖြင့် ကျေးရွာအရှေ့ဘက်သို့ လျှောက်လှမ်းခဲ့ရာ ကြက်လျှာဘုန်းတော်ကြီးကျောင်းကို အခိုင်အမာ အုတ်တစ်ထပ်ကျောင်းအဖြစ် တည်ဆောက်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ကြက်လျှာကျေးရွာကို ဘက်စုံထောင့်စုံပင် တည်ဆောက်လျက်ရှိနေပေသည်။

အလားတူပင် သဘာဝဘေးမှ ကြိုတင်ကာကွယ်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် ကြက်လျှာစံပြကျေးရွာတစ်ရွာလုံးအား ပေ ၂၀ အမြင့်တာပတ်ထားသည့်အပြင် ရေတံခါးသုံးခုကိုပါ ထည့်သွင်းတည်ဆောက်ထားသောကြောင့် သဘာဝဘေးကျရောက်ပါက ကြိုတင်ကာကွယ်နိုင်မည့်အပြင် ရေတံခါးများကို ရေတက်လာလျှင် ပိတ်ထားမည်ဖြစ်၍ ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်ပေသည်။

ကြက်လျှာစံပြကျေးရွာကား နေချင်စဖွယ်ပင်။ ကျေးလက်အိမ်ရာကွက်ကို အတန်းလိုက် ဆောက်လုပ်ထားပြီး အိမ်ရာတစ်တန်းလျှင် အိမ်အလုံး ၃၀စီဆောက်လုပ်ထားသည်။ နေအိမ်များ၌ တစ်နိုင်တစ်ပိုင် ဈေးဆိုင်ငယ်များ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းကြော်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ကွမ်းယာဆိုင်များ ဖွင့်လှစ်ရောင်းချနေပြီဖြစ်၍ အတော်ပင် စည်ကားစိုပြည်နေပြီဖြစ်ရာ နေအိမ်များတွင် စိတ်ချမ်းမြေ့စွာနေထိုင်လျက်ရှိသော ကြက်လျှာစံပြ ကျေးရွာသူကျေးရွာသားများကို တွေ့မြင်ခဲ့ရသည်။

နာဂစ်မုန်တိုင်း မဝင်ရောက်မီက ကြက်လျှာကျေးရွာသို့ စာရေးသူ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ ကြက်လျှာကျေးရွာ၌ ကမ်းနားလမ်းတစ်လမ်းသာရှိခဲ့ပြီး အိမ်ကြီးအိမ်ကောင်းသိပ်မရှိလှ။ အများစုမှာ ဓနိမိုး၊ ထရံကာ နေအိမ်များသာဖြစ်သည်။ ရေလုပ်ငန်း အဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပေသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑



ကြက်လျှာစံပြကျေးရွာတွင် ရေအတွက် ပူပင်စရာမလိုအောင် ခေတ်မီဆိုလာပြားအသုံးပြု၍ ရေပေးဝေရေး စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



ကြက်လျှာစံပြကျေးရွာ၏ လမ်းများမှာ စနစ်ကျ၍ ရှင်းသန့်လျက်ရှိသည်ကို ဤသို့တွေ့မြင်ရသည်။

# အကြိမ်(၄၀)မြောက် မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်း မိုဇမ်ဘစ်ကိုအနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ(ခ)အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒေသစံတော်ချိန် ၆ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မိုဇမ်ဘစ်လက်ရွေးစင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း ၅၇မိနစ်တွင် ထွန်းထွန်းဝင်း၊ ၆၈မိနစ်တွင် စိုးမြတ်မင်းနှင့် တတိယအနိုင်ဂိုးကို ၇၁မိနစ်တွင် ခင်မောင်လွင်တို့က သွင်းယူကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(ခ)တွင် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့တက်လှမ်းသွားပြီး အောက်တိုဘာ ၂၂ရက်တွင် အိမ်ရှင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၀၈ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ မြန်မာစတုတ္ထရရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၈ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဒေသစံတော်ချိန် ၅ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် မြန်မာအမျိုးသမီးဘောလုံးအသင်း စတုတ္ထနေရာသာရရှိသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာလှေလှော်အဖွဲ့ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုရရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၆ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံဘာလီကျွန်း၌ ကျင်းပသည့် ပထမအကြိမ်အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာလှေလှော်အားကစားအဖွဲ့ဝင်များသည် မီတာ ၅၀၀ အမျိုးသားတက် ၂၀ လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၈၀၀ အမျိုးသားတက် ၂၀ လှေလှော်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၇း၅၀ | ၅။ | နွေးခေတ်တေးပဒေသာ |
| ၈း၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | **"လာအတူသွားကြစို့" (ကျော်သက်လင်း၊ ဝင်းထွဋ်အောင်၊ ထိုက်ထိုက်သင်း) (ဒါရိုက်တာ-စိန်သန်းဦး)** |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အတီးပြိုင်ပွဲ |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၄။ | အကပြိုင်ပွဲ |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၄း၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | ၇။ | တေးဂီတအစီအစဉ် |
| ၅း၁၀ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၅၀ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇း၂၀ | ၁၃။ | **နိုင်ငံခြား ဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၂၀)(ဇာတ်သိမ်း)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၂၀)** |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

❑ စာမျက်နှာ ၃ မှ

ယခုတော့ ကြက်လျှာကျေးရွာသည် ဤသို့မဟုတ်ပြီ။ ကြက်လျှာကျေးရွာသည် စံပြကျေးရွာဖြစ်နေပြီ။ ကြက်လျှာစံပြကျေးရွာကို ကျေးရွာများအားစုစည်း၍ ကျေးလက်အိမ်ရာစုပေါင်း ထူထောင်ခဲ့ကြခြင်းဖြစ်ပေသည်။ တစ်နည်းဆိုလျှင် စုစည်းညီညွတ်မှု၊ စုပေါင်းစွမ်းအားကို ကျေးရွာပုံသဏ္ဌာန်ဖြင့် ဖော်ထုတ်ပြသခြင်းဖြစ်ပေသည်။

စာရေးသူသည် အချိန်ရခိုက် ကြက်လျှာစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ ကြက်လျှာကျေးရွာကတော့ အသွင်ပြောင်းလဲသွားပါပြီ၊ လူနေမှုအခြေမြင့်သွားပါပြီ၊ ဓနိမိုး၊ ထရံကာ နေအိမ်အဆင့်ကနေ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်နဲ့ နေထိုင်ရတော့ အတော်ကိုအဆင်ပြေသွားပါပြီ၊ နေဖို့အတွက် ဘာမှပူစရာမလိုတော့ပါဘူး၊ ဒါတွေအားလုံးက နိုင်ငံတော်ရဲ့ ကျေးဇူးပါပဲ"ဟု ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာ လူနေအိမ်များ၏ နောက်ဘက်တွင်စိုက်ပျိုးထားသော ဆယ်မျိုးဆယ်ပေါင်စိုက်ခင်း။

ထို့နောက် ကြက်လျှာစံပြကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် လက်ထောက်စာကြည့်တိုက်မှူးဦးအောင်မြင်နှင့် တွေ့ဆုံရာ "ကျွန်တော်က စာပေဝါသနာပါတော့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခွင့်ရသွားလို့ ဝမ်းသာမိပါတယ်၊ ကြက်လျှာက စံပြကျေးရွာဖြစ်သွားတော့ စံပြအင်္ဂါရပ်နဲ့ ညီညွတ်အောင် အမြဲတမ်းကြိုးပမ်းသွားကြဖို့လိုပါတယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ပြဖို့ လိုအပ်ပါကြောင်း" အားပါးတရ ရှင်းလင်းပြောပြသွားသည်။

ညနေ ၄ နာရီတွင် ကြက်လျှာစံပြကျေးရွာမှ ပဲ့ထောင်ရေယာဉ်ပြန်လည်ထွက်ခွာခဲ့သည်၊ တစ်နေ့လုံးမင်းမူကြီးစိုးခဲ့သော နေပူရှိန်သည် ယခုတော့ အားမာန်ကို လျှော့ချစပြုနေလေပြီ၊ ကြက်လျှာကျေးရွာ အဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်သော်လည်း ကြက်လျှာကျေးရွာ၏မြင်ကွင်းများကား စာရေးသူ၏ မျက်စိအာရုံထဲမှ ပျောက်ကွယ်မသွားသေး၊ ထင်ထင်ရှားရှား ပီပီပြင်ပြင်ပင် မြင်ယောင်နေမိပါတော့သည်။

# တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော် တပ်မတော်ဂေါက်ကွင်း(ရေပြာ)၌ အောက်တိုဘာ ၁၅ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာရဲထွဋ်သည် ကစားဖော်များဖြစ်ကြသော ဦးသန်းဝင်း၊ ဦးအောင်မျိုးမြတ်၊ ဦးတင်ဇော်လင်းတို့နှင့်အတူ ကျင်းအမှတ်(၁၆)တွင် ၁၂၄ကိုက်အကွာမှ Callaway N0. 2 ဘောလုံးကို MERMUDA PROFESSIONAL SANDWEDGE တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# အာဆင်နယ်နှင့်ရီးယဲလ်မက်ဒရစ်အသင်းတို့ အဝေးကွင်းပွဲကျပ်ကစားရမည်ဖြစ်ပြီး မန်ယူနိုင်ပွဲဆက်ဦးမည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ပထမနေ့ပွဲစဉ်များ

**အောက်တိုဘာ ၂၂ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၅နာရီ**

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်လာတာ ပွဲစဉ်(၃)သို့ရောက်ရှိလာပြီဖြစ်တာကြောင့် ပြိုင်ဆိုင်မှုများကလည်း ပြင်းထန်လာပြီဖြစ်ပါတယ်။ ပွဲစဉ်(၃)ပထမနေ့ပွဲများတွင် ဘိုင်ယန်မြူးနစ်နှင့်ဖီအိုရင်တီးနား၊ ဖီနာဘာချီနှင့်အာဆင်နယ်၊ ဂျူဗင်တပ်စ်နှင့်ရီးယဲလ်မက်ဒရစ်တို့ပွဲများ ပါဝင်လာတာကြောင့် ဒီတစ်ပတ်ပွဲများဟာလည်း အကြိတ်အနယ်ရှိလာဦးမှာပါ။**

**ဝင်းတင် (ကြေးမုံ)**

### အုပ်စု(င)
### မန်ယူ-ဆဲလ်တစ်

ဒီအုပ်စုမှာ မန်ယူဟာ နှစ်ပွဲကစား လေးမှတ်နဲ့ အုပ်စုဗိုလ်အဖြစ်ရပ်တည်နေပြီး စကော့တလန်ကလပ် ဆဲလ်တစ်ကတော့နိုင်ပွဲမရရှိသေးပါဘူး။ ယခု ယှဉ်ပြိုင်ကစားရမှာက မန်ယူကွင်းဖြစ်တာကြောင့် စီရော်နယ်ဒိုနဲ့ ဝိန်းရွန်းနေးတို့ ခြေစွမ်းပြနေတဲ့အိမ်ရှင်ကို ဧည့်သည်ဆဲလ်တစ်တို့ ဂိုးပြတ်မရှုံးအောင်ဘဲ ကြိုးစားကြရမှာပါ။

### ဗီလာရီးယဲလ်-အယ်လ်ဘော့ဂ်

ဗီလာရီးယဲလ်ဟာ အုပ်စု(င)မှာ မန်ယူနဲ့အတူ လေးမှတ်ရရှိထားပါတယ်။ ဒိန်းမတ်ကလပ် အယ်လ်ဘော့ဂ်ကတော့ ယူအီးအက်ဖ်အေတောင် ဝင်ဖို့မလွယ်လှပါဘူး။ ဗီလာရီးယဲလ်တို့ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းသွားမှာပါ။ ဒါကြောင့် မာဒရီဂေါလ်ကွင်းမှာ ပယ်လီဂရီနီရဲ့ဗီလာရီးယဲလ်တို့ မဖြစ်မနေ နိုင်ပွဲရှာသွားပါလိမ့်မယ်။

### အုပ်စု(စ)
### ဘိုင်ယန်မြူးနစ်-ဖီအိုရင်တီးနား

ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒက်စ်လီဂါမှာ ရလဒ်ပိုင်းညံ့နေပေမယ့် ချန်ပီယံလိဂ်မှာတော့ နှစ်ပွဲကစား လေးမှတ်နဲ့ အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပါတယ်။ ဖီအိုရင်တီးနားကတော့ နှစ်ပွဲစလုံး သရေကျထားကာ ခြေစွမ်းကလည်း သာမန်အဆင့်မှာသာ ရှိနေပါတယ်။ ဒီပွဲမှာအိမ်ရှင်အားနဲ့တင်ကစားလာမယ့် ကလင်းစမန်းရဲ့ ဘိုင်ယန်မြူးနစ်တို့ အနိုင်ရသွားမှာပါ။

### စတူအာဘူခါရက်-လိုင်ယွန်

ရိုမေးနီးယားကလပ် စတူအာဘူခါရက်ဟာ အတွေ့အကြုံရှိတဲ့အသင်းပီပီ အသင်းကြီးတွေကို ခံကစားလေ့ရှိပါတယ်။ လိုင်ယွန်အနေနဲ့လည်း အုပ်စုတက်ရေးအတွက် ဒီလိုပွဲမျိုးကို အနိုင်ကစားထားဖို့လိုပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုအင်အား၊ သမ္မာနဲ့ အတွေ့အကြုံပိုများတဲ့ လိုင်ယွန်တို့ အဝေးကွင်းမှာ သရေ(သို့)ကပ်နိုင်ဖို့ ရှိပါတယ်။

### အုပ်စု(ဆ)
### ပေါ်တို-ဒိုင်နမိုကီယက်

ပေါ်တိုရဲ့ခြေဟာ အကောင်းကြီးမဟုတ်ပေမယ့် ယူကရိန်းကလပ် ဒိုင်နမိုကီယက်ကိုတော့ အိမ်ကွင်းမှာအနိုင်ယူနိုင်စွမ်း ရှိပါတယ်။ ပေါ်တိုအနေနဲ့ ဒီပွဲနိုင်မှ အုပ်စုတက်ဖို့ အခြေအနေကောင်းနိုင်မှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ မဖြစ်မနေနိုင်ပွဲရှာမယ့် ဖာရဲရားရဲ့ ပေါ်တိုတို့ပဲ သုံးမှတ်အပြည့်ရသွားမှာပါ။

### ဖီနာဘာချီ-အာဆင်နယ်

တူရကီကလပ် ဖီနာဘာချီတို့ဟာ လက်ရှိခြေစွမ်းအရဆိုရင် ဒိုင်နမိုကီယက်နဲ့အပြိုင် ယူအီးအက်ဖ်အေဝင်ခွင့်ရဖို့ ကြိုးစားရုံပဲ ရှိပါတော့တယ်။ ယခု အိမ်ကွင်းဆာရာကိုဂလူမှာကစားရမှာဆိုပေမယ့် ပြိုင်ဘက်က အာဆင်နယ်ဖြစ်နေတာကြောင့် အိမ်ကွင်းမှာ အာရာဂိုးနက်စ်တစ်ယောက် ဝင်းဂါးကို အရှုံးပေးရဦးမှာပါ။

### အုပ်စု(ဇ)
### ဂျူဗင်တပ်စ်-ရီးယဲလ်မက်ဒရစ်

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ် ခြေစွမ်းတက်နေပေမယ့် ဂျူဗင်တပ်စ်ရဲ့ ခြေစွမ်းကတော့ အားရစရာ လုံးဝမရှိပါဘူး။ ဒါကြောင့် နှစ်ပွဲကစား ခြောက်မှတ်ရထားတဲ့ ရီးယဲလ်မက်ဒရစ်တို့ အဝေးကွင်းဖြစ်ပေမယ့် မရှုံးနိုင်ပါဘူး။

### ဇင်းနစ်-ဘိုရီဆော့ဗ်

ဒီပွဲကိုတော့ အင်္ဂါနေ့(ယနေ့)ည ၁၁နာရီမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ရုရှားကလပ် ဇင်းနစ်ဟာ နိုင်ပွဲလုံးဝမရှိသေးဘဲ ဘီလာရုစ်ကလပ် ဘိုရီဆော့ဗ်ကတော့ ပွဲစဉ်(၂)မှာ ဂျူဗင်တပ်စ်ကို နှစ်ဂိုးသရေကစားထားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းမှာ ဇင်းနစ်က သာတာကြောင့် အိမ်ရှင်အားပါထည့်ပေါင်းလိုက်ရင် ဧည့်သည်ဘိုရီဆော့ဗ်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

# အီရတ်-အာဖဂန်နစ္စတန်သတင်း

## အမေရိကန်နှင့် သဘောတူညီမှုအား အီရတ်ပြင်ဆင်လို

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံအစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် သဘောတူညီချက် ရရှိထားသော မူကြမ်းပါ အချက်အလက်အချို့ကို ပြန်လည်ပြင်ဆင်လိုသည်ဟု ပြောကြားလိုက်သည်။

အစောပိုင်းကာလ ဖော်ပြချက်များတွင် အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများက ထိုမူကြမ်းသည် နောက်ဆုံးဖြစ်ကြောင်း ပြန်လည်ပြင်ဆင်ရေးသားခြင်း ပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထိုသဘောတူညီချက်ကို အမေရိကန်နှင့် အီရတ်ညှိနှိုင်းရေးသမားများသည် လပေါင်းများစွာ ဆွေးနွေးပြီးမှ ရရှိလာခြင်းဖြစ်ပြီး အီရတ်ပါလီမန်မှ အတည်ပြုပေးရန် ကျန်ရှိနေသေးသည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ်အထိ နေထိုင်နိုင်ပြီး အီရတ်အာဏာပိုင်များကလည်း အမေရိကန်တပ်ဖွဲ့ဝင်များကို တရားစွဲဆိုပိုင်ခွင့် ရရှိမည်ဖြစ်သည်။ ***အင်တာနက်။***



ဘဂ္ဂဒက်မှ ကီလိုမီတာ ၁၅၀ ဝေးသော အယ်လ်တာလီယာ ကျေးရွာတွင် လက်နက်ပုန်းများ ရှာဖွေနေကြသော အီရတ်တပ်ဖွဲ့ဝင်များ အရပ်သား အိမ်တစ်လုံးအတွင်းသို့ အဓမ္မဝင်ရောက်ရန် ကြိုးပမ်းနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်နိုင်ငံ ရှုဂျာခရိုင် ဈေးအနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မြင်တွေ့ရစဉ်။

## ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၉ ရက်က ကင်းလှည့်နေသည့် အီရတ်ရဲတပ်ဖွဲ့အား ပစ်မှတ်ထားကာ လမ်းဘေးဗုံး ဖောက်ခွဲခဲ့မှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုသည် အီရတ်နိုင်ငံမြို့တော်၏ ရှီးယိုက်လူမျိုးများ ကြီးစိုးသော ဇာဖာရာနီရာရပ်ကွက်တွင် ဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သေဆုံးသူနှစ်ဦးမှာ အရပ်သားများ ဖြစ်ကြပြီး ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင် သုံးဦးပါဝင်သည်။

***အင်တာနက်။***

## အီရတ်တွင် သေနတ်သမားများ ပစ်ခတ်မှု ငါးဦးသေ၊ တစ်ဦးဒဏ်ရာရ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က မည်သည့်အဖွဲ့အစည်းကဟု မသိရသော သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ငါးဦး သေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ဘဂ္ဂဒက်မြို့ မြောက်ဘက်တွင် တပ်စွဲထားသော အမေရိကန် ဘာလက်စခန်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားများသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များ၏ ကျောထောက်နောက်ခံဖြင့် အယ်လ်ခိုင်ဒါအဖွဲ့အား ဆန့်ကျင်သည့် ဆွန်နီအုပ်စုဝင် အကြီးအကဲတစ်ဦး၏ နေအိမ်အား ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အယ်လ်ခိုင်ဒါများသည် အီရတ်နိုင်ငံရှိ နိုင်ငံခြားတပ်ဖွဲ့များအား ဆွန်နီအုပ်စုက အဓိက အကူအညီပေးနေသည်ဟု စွပ်စွဲကာ ဆွန်နီအုပ်စုအား မကြာခဏဆိုသလိုပင် ပစ်မှတ်ထားကာ တိုက်ခိုက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တာလီဘန်တို့ ခရီးသည် ၄၀ အား သတ်ဟုဆို

**ကဘူး အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ဘတ်စ်ကားနှင့် ခရီးသွားနေသော လူ ၄၀ ကို တာလီဘန်သောင်းကျန်းသူများက သတ်လိုက် ကြသည်။

တာလီဘန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဘတ်စ်ကားသုံးစီးကို တိုက်ခိုက်၍ သေဆုံးခဲ့ကြသော လူများသည် အာဖဂန်တပ်ဖွဲ့ဝင်များ ဖြစ်သည်ဟုဆိုသည်။ သို့သော် တာဝန်ရှိပုဂ္ဂိုလ်များကမူ သေဆုံးသူများသည် အရပ်သားများသာဖြစ်သည်ဟု ပြောကြားသည်။

ထိုတိုက်ခိုက်မှုသည် ကြာသပတေးနေ့က ဖြစ်ခဲ့ပြီး သေဆုံးသူများ၏အလောင်းကို အောက်တိုဘာ ၁၉ ရက်တွင်မှ တွေ့ရှိရသည်။

သေဆုံးသူများသည် အရပ်သားများဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များသည် ခရီးသွားလျှင် စစ်ဘက်ယာဉ်တန်းဖြင့်ဖြစ်စေ (သို့မဟုတ်)လေယာဉ်ပျံဖြင့်သာ သွားကြကြောင်း အာဖဂန်အရာရှိများက ဆိုသည်။ ***အင်တာနက်။***

# နိုင်ငံတကာသတင်းများ





ဆိုမာလီနိုင်ငံသို့ ဒဗလျူအက်ဖ်ပီမှ စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ပေးသောသင်္ဘောအား မိုဂါဒစ်ရှူးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ဆိုမာလီရေပြင်တွင် နေတိုးသင်္ဘောများ ပင်လယ်ဓားပြများကို ဟန့်တားမည်

**ဟာဖန်(ဆိုမာလီ)**
**အောက်တိုဘာ ၁၉**

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)မှ စစ်သင်္ဘောခုနစ်စင်း၏ ဆိုမာလီပင်လယ်ကမ်းခြေတွင် ကင်းလှည့်ခြင်းသည် ယင်းဒေသ၌ ပင်လယ်ဓားပြတိုက်ခြင်းကို ဟန့်တားရာ၌ အရေးပါကြောင်း ဆိုမာလီဝန်ကြီးချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆိုမာလီ ရေပိုင်နက်အတွင်းသို့ နေတိုးသင်္ဘောများ ရောက်ရှိလာခြင်းကို ဝမ်းမြောက်ကြောင်း၊ ၎င်းတို့အား ပင်လယ်ဓားပြများကို တိုက်ခိုက်ရန်အတွက် သဘောတူညီမှု ပေးအပ်ထားပြီးဖြစ်ကြောင်း၊ နာဟတ်ဆန်ဟူစိန်က ဟာဖန်တွင် သတင်းစာရှင်းလင်းပွဲကျင်းပရာ၌ ပြောကြားသွားကြောင်း ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ခဲ့သည်။

နေတိုးသင်္ဘောများကြောင့် ဆိုမာလီနိုင်ငံကို စားနပ်ရိက္ခာနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသော ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)မှသင်္ဘောများကို ကာကွယ်စောင့်ရှောက်ပေးနေသော ကနေဒါသင်္ဘောများ၏ အလုပ်တာဝန် ပေါ့ပါးသွားစေသည်။ ***အင်တာနက်။***

## အိုဘားမား၏ရွေးကောက်ပွဲ ကြော်ငြာစရိတ် စံချိန်ချိုးမည်

**နယူးယောက်**
**အောက်တိုဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက် အိုဘားမားသည် သမ္မတ ဂျော့ဒဗလျူဘုရှ်၏ စံချိန်တင်ထားသော ရွေးကောက်ပွဲ ကြော်ငြာအသုံးစရိတ်များကို စံချိန်ချိုးမည်ဖြစ်ကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြထားသည်။

နိုင်ငံရေးကြော်ငြာများကို လေ့လာဆန်းစစ်သည့် ရွေးကောက်ပွဲလှုပ်ရှားမှုသတင်း စိစစ်အုပ်စု(စီအမ်အေဂျီ)က လက်ရှိ အိုဘားမား၏ အသုံးစရိတ်များကို အခြေခံ၍ ကြိုတင်ဟောကိန်းထုတ်သည်မှာ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲလှုပ်ရှားမှုတွင် ဘုရှ်သုံးစွဲခဲ့သော အမေရိကန်ဒေါ်လာ ၁၈၈ သန်းထက် လာမည့်ရက်သတ္တပတ်တွင် ကျော်လွန်သွားမည်ဖြစ်သည်။

အိုဘားမားသည် ဒေသဆိုင်ရာနှင့် အမျိုးသားအသံလွှင့်ဌာနများ၊ ဗီဒီယိုဂိမ်းများနှင့် ကိုယ်ပိုင်ဂြိုဟ်တုလိုင်းများတွင် ကြော်ငြာများကို မလျှော့တမ်း ထည့်သွင်းခဲ့သည်။ သူသည် ပြိုင်ဘက် ရီပတ်ဘလီကန် သမ္မတလောင်း မက်ကိန်းနှင့်အပြိုင် တစ်နိုင်ငံလုံး၌ ကြော်ငြာထည့်ရာတွင် ၄-၁ အချိုးဖြင့် သာလွန်ကြောင်း နယူးယောက်တိုင်းမ်က စီအမ်အေဂျီ၏ သတင်းကို ကိုးကား၍ ဖော်ပြသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

## ကော်ကေးဆပ်ဒေသမြောက်ပိုင်းတွင် တိုက်ပွဲဖြစ်၊ ရုရှားတပ်ဖွဲ့ဝင်နှစ်ဦးသေ

**မော်စကို အောက်တိုဘာ ၁၉**

ကော်ကေးဆပ်ဒေသ မြောက်ပိုင်းတွင် ရုရှားစစ်ဘက်ယာဉ်တန်းတစ်ခု အောက်တိုဘာ ၁၈ ရက်က တိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

နာဇာရမ်ဒေသတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းကို အမည်မဖော်လိုသူ သေနတ်သမားများက မောင်းပြန်သေနတ်များ အပါအဝင် ဗုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အဆိုပါယာဉ်တန်းတွင် သံချပ်ကာယာဉ်များနှင့် ဆက်သွယ်ရေး ထရပ်ကားများ ပါဝင်သည်ဟုဆိုသည်။ ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ယူဂန္ဒာနိုင်ငံရှိ ဒုက္ခသည်များထံ ပေးဝေနေသော ရိက္ခာများကို သယ်ယူနေသူ အချို့အား အောက်တိုဘာ ၁၈ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအစဉ်အလာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါ

## မောင်လှကြည်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စု နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေစေရန် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်နှင့် ဇာတိသွေးဇာတိမာန် အစဉ်ထက်မြက်မြင့်မားနေရန် အလွန်အရေး ကြီးပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသားလူမျိုးအချင်းချင်းအေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ သေအတူ ရှင်မကွဲ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်း စိတ်ဓာတ်၊ အမိ နိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်မျိုး ဖြစ်ပေသည်။

လူမျိုးတစ်မျိုး၏ အကျင့်စာရိတ္တသည် ထိုလူမျိုး၏ စိတ်ဓာတ်ပေါ်တွင် အခြေခံပါသည်။ စိတ်ဓာတ်ကောင်းပါမှ တစ်နည်းအားဖြင့် စိတ်ဓာတ်မြင့်မားနေပါမှ အကျင့်စာရိတ္တကောင်းမည် ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်များ အစဉ်အမြဲ ကိန်းအောင်းနေခြင်းဖြင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားခိုင်မာလာမည် ဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုတွင် ပါဝင်သည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း များစွာကပင် ကိုယ်ပိုင်ရပ်တည်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှု တစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ခေတ်အလိုက်တီထွင် ဆန်းသစ်မှုရှိသကဲ့သို့ ရှေးရိုး မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာများကိုလည်း ချစ်ခင်မြတ်နိုး ထိန်းသိမ်းခဲ့ကြသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးခြင်းသည် မျိုးချစ်စိတ်နှင့်ဇာတိမာန်ကို ထက်မြက်စေသည့် အမျိုးသားရေး စရိုက်လက္ခဏာများပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဘိုးစဉ်ဘောင်ဆက် မျိုးချစ်စိတ်နှင့် ဇာတိသွေး ဇာတိမာန် အစဉ်ထက်မြက်မြင့်မားနေ၍သာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု အရှည်တည်တံ့လာခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာကြီးသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲလာနေသည်။ အထူးသဖြင့် တိုးတက်လာသော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကြောင့် သတင်းဆက်သွယ်မှုလုပ်ငန်းတွင်ကျယ်လာသည်။ ကမ္ဘာ့နိုင်ငံများမှာလည်း Global Village ခေါ် ကမ္ဘာ့ရွာသဖွယ် တစ်ရွာနှင့်တစ်ရွာကဲ့သို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်မှု ပိုမိုကောင်းမွန်လာသည်။ အင်္ဂလန်တွင် ဘောလုံးကန်သည်ကို တစ်ကမ္ဘာလုံးက တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်နိုင်သည့်အဆင့်အထိ တိုးတက်နေသည်။ ထို့အတူ သတင်းအဖြစ်အပျက် တို့သည်လည်း စက္ကန့်ပိုင်း၊ မိနစ်ပိုင်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လျက်ရှိသည်။ ဤမျှအထိ လူထုဆက်သွယ်ရေး ယန္တရားဖြစ်သည့် Media သည် ကမ္ဘာကို လွှမ်းမိုးလျက်ရှိသည်။

လူထု ဆက်သွယ်ရေးလုပ်ငန်း Media တွင် စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်၊ ဂီတ၊ သဘင်တို့ အကျုံးဝင်သည်။ အထူးသဖြင့် ဂီတ၊ ရုပ်ရှင်၊ ရုပ်မြင်တို့သည် လူငယ်လူရွယ်များကို လွှမ်းမိုးလွယ်သည်။ တိုးတက်သော နည်းပညာ ခေတ်တွင် Electronic Media ကို အသုံးပြု၍ သတင်း၊ ရုပ်ရှင်၊ ရုပ်မြင်၊ တေးဂီတတို့ကို တစ်ကမ္ဘာလုံးသို့ စက္ကန့်မိနစ်မခြားစဉ်ဆက်မပြတ် ထုတ်လွှင့်လျက် ရှိနေသည်။ ထို့ကြောင့် အနောက်တိုင်း တေးဂီတ၊ ဝတ်စားဆင်ယင်မှု အကျင့်စရိုက်များ မျိုးချစ်စိတ်ဓာတ် ကိုယ်ခံအားနည်းသူတို့ထံ လွှမ်းမိုးရန် အခွင့်အလမ်းသာ လျက်ရှိသည်။ ဤသို့သော အခြေအနေမျိုးတွင် လူငယ်လူရွယ်ထုအတွင်း မျိုးချစ်စိတ် ကိုယ်ခံအားကောင်းစေရန်အတွက် အမျိုးသားရေး စိတ်ဓာတ်များ အစဉ်ထက်မြက်မြင့်မားနေရန် အရေးကြီးပေသည်။

ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသား ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးခြင်း သည် မျိုးချစ်စိတ်နှင့် ဇာတိသွေး ဇာတိမာန်ကို ထက်သန်စေပါသည်။ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုတွင် ပါဝင်သည်။ ထို့ကြောင့် အမျိုးသား ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဦးတည်ချက်များ ချမှတ်ကာ နှစ်စဉ်ကျင်းပခဲ့ပေသည်။

ဤကဲ့သို့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများကို ခေတ်အလိုက် ခေတ်ဟောင်း၊ ခေတ်သစ်၊ ကာလပေါ် ခွဲခြား၍လည်းကောင်း၊ လူကြီးလူငယ် ခွဲခြား၍လည်းကောင်း ပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းရာရောက်သည့်အပြင် လူကြီး လူငယ် အရွယ်မရွေး မြန်မာ့ရိုးရာအနုပညာကို လေးစားမြတ်နိုးစောင့်ထိန်းသည့် အလေ့အကျင့်များ ဖြစ်ထွန်းကာ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်များ နိုးကြားလာမည်ဖြစ်ပေသည်။ ခေတ်အဆက်ဆက်မှ ဘိုးဘွားဘီဘင်တို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသဖြင့်သာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အစဉ်အလာတို့သည် ယခုတိုင် အရှည် တည်တံ့ခိုင်မြဲနေခြင်း ဖြစ်ပါသည်။ အနာဂတ် နိုင်ငံတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအစဉ်အလာ ဆက်လက်အရှည်တည်တံ့ ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်မှာ ယနေ့မျက်မှောက်ခေတ် နိုင်ငံသားတိုင်း၏ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပေသည်။ ။




ဝါသနာရှင်အဆင့် (ပထမတန်း)နဲ့ ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးခင်မောင်ယဉ် ပါဝင်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်နိုင်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဆာလိုမီ ပါဝင်ယှဉ်ပြိုင်စဉ်။



အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသားစန္ဒရား အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း ပါဝင်ယှဉ်ပြိုင်စဉ်။

**အမျိုးသားယဉ်ကျေးမှုတွင် ပါဝင်သည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ရပ်တည်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှု တစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ခေတ်အလိုက်တီထွင် ဆန်းသစ်မှု ရှိသကဲ့သို့ ရှေးရိုးမြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာများကိုလည်း ချစ်ခင်မြတ်နိုး ထိန်းသိမ်းခဲ့ကြသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးခြင်းသည် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ထက်မြက်စေသည့် အမျိုးသားရေး စရိုက်လက္ခဏာများပင် ဖြစ်ပါသည်။**

*** ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)






မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက် (RH/BCC) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၀၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

# မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၀၈)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် 　အောက်တိုဘာ 　၂၀

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက် (RH/ BCC) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စီမံချက်ဝင် မြို့နယ်အသီးသီးမှ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကား ပြောကြားကာ စီမံချက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို စီမံချက်ဝင် တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ အဓိကကျောင်းသားဟောင်းများ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် 　အောက်တိုဘာ 　၂၀**

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ အဓိကကျောင်းသားဟောင်းများ ၁၉၆၇ မှ ၁၉၇၂ ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ၁၉၆၇ (ဘွဲ့ရ)မှ ၁၉၇၂ (ဘွဲ့ရ)အထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဒေါ်လေးကြူ ပါမောက္ခ(ငြိမ်း) ဖုန်း-၃၈၅၈၁၆၊ ဒေါ်အေးညွှန့်ကြည် ဖုန်း- ၅၅၉၉၈၀၊ ၅၃၅၀၅၈၊ ဦးညဏ်ရှိန် ဖုန်း-၅၃၈၂၉၅၊ ဗိုလ်မှူးကြီး ကိုကိုကျော်(ငြိမ်း) ဖုန်း-၀၁-၅၀၁၄၃၂၊ ဦးမိုက်ကယ်သန်းအောင်(ခ)ဦးစိန်ဝင်း ဖုန်း-၀၁-၆၆၄၃၁၂၊ ဦးဖေဝင်း ဖုန်း-၃၈၁၀၃၈၊ ၀၉-၈၀၂၄၃၃၁၊ ဒေါ်သီဂီကြည် ဖုန်း- ၅၄၆၇၈၀၊ ၀၉-၅၀၃၀၁၀၀၊ ဦးကျော်ဝင်း ဖုန်း-၂၉၈၉၉၆နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း- ၆၂၉၀၄၃၊ ၂၉၈၉၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဗုဒ္ဓဝင်တောထွက်ခန်း

**ပါရမီဆယ်ပါး 　　အပြားသုံးဆယ်**
**မှတ်ဖွယ်ဗုဒ္ဓ 　　ဇာတကတွင်**
**နိက္ခမမည်ဆန်း 　　တောထွက်ခန်းအား**
**ဇာတ်လမ်းပြုကာ 　　မဟာဗုဒ္ဓဝင်**
**ရုပ်စုံသဘင်ဖြင့် 　　ယှဉ်ပြိုင်တင်ဆက်**
**ဇာတ်ကွက်ဇာတ်စာ 　　ဇာတ်ပညာကို**
**ဆိုငိုပြောဟန် 　　မြန်မာဂီတ**
**သုခုမဖြင့် 　　ဆိုကစင်တင်**
**မဂ္ဂင်သောင်ကမ်း 　　အရောက်လှမ်းမည့်**
**မဂ်လမ်းတော်ဝင် 　　ဇာတ်သဘင်အား**
**သမားစဉ်မပျက် 　　တင်ဆက်သည့်ခါ**
**လာပါကြည့်ပါ 　　မြတ်ဗုဒ္ဓါ၏**
**ဒါနသီလ 　　နိက္ခမမေတ္တာ**
**ပါရမီစုစု 　　ကြည်ညိုမှုဖြင့်**
**ကုသိုလ်လည်းရဝမ်းလည်းဝ။**

**ဇာတိဇရာ 　　ဗျာဓိမရဏ**
**သံဝေရကာ 　　သူနာသူအို**
**သူသေရဟန်း 　　ဥယျာဉ်နန်းမှ**
**ရသည့်နိမိတ် 　　လေးပါးဟိတ်ကြောင့်**
**တိတ်ဆိတ်ထွက်ခွာ 　　ယသော်ဓရာဒေဝီ**
**ဆောင်ခန်းဆီမှ 　　ကဏ္ဍကမြင်း**
**စီးနင်း၍သာ 　　အနော်မာသောင်ကမ်း**
**လှူဒါန်းဖြဟ္မာ 　　ပရိက္ခရာစုံဖြင့်**
**အသင့်ပြင်ကာ 　　သုံးဖြာသက်နန်း**
**ဆင်မြန်းဆံပယ် 　　မောင်ဆန်ပြန်လွှတ်**
**ကပ္ပိလဝတ်ဌာနီ 　　သုဒ္ဓေါ်ပြည်သို့**
**ဇာတ်ပို့ဇာတ်ဆိုင်း 　　သိုင်းဝိုင်းဖြည့်ကူ**
**များလူရည်မှန်း မဂ္ဂင်လမ်း။**

**ဇာတ်သမားပြန် 　　မှတ်သားရန်တို့**
**ကျန်ရစေမည် 　　ပါရမီစုစု**
**ကြည်ညိုပြုနိုင် 　　ပန်းတိုင်မဂ္ဂင်**
**သောင်ကမ်းဝင်ရန် 　　ဖွဲ့မာန်လုံ့လ**
**ဝီရိယရှိ 　　ဇာတိဇရာ**
**မမြဲပါသား 　　တရားအနိစ္စ**
**နိက္ခမဆီ 　　ဦးတည်ဆင်ခြင်**
**သိမြင်ကြစေ သိကြစေ။ 　။**

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-**

**ဖိုးရန်နိုင်(ကျောက်ကြီး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | 'ဒုလ္လဘနှင့်ကြုံရပြန်သော်'တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘဏ) |
| ၈း၀၅ - ၂း၀၅ | ထုထည်ကြီးမားထင်ရှားကေန်ဓမ္မရံ |
| ၈း၁၅ - ၂း၁၅ | Sunday Talk |
| ၈း၄၅ - ၂း၄၅ | အထူးအမှန်ကောင်းမည့်ရေလှောင်တမံ "ဖြူးချောင်း" |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | MTV Video Music Awards (VMA) 2008 |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | Activities In The City "လယ်တီထေရုပ္ပတ္တိနှင့် ဇော်စာပေရှားပါးစာအုပ်ပြပွဲနှင့် ရောင်းပွဲ" |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာပန်းဆယ်မျိုးပညာ |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | စပါးမှဆန်အသွင်မြောင်းမြခရိုင်၏ဂုဏ်အင် |
| ၁၁း၁၀ - ၅း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ - ၅း၁၅ | Internet Directory (Biz Net Internet Cafe) |
| ၁၁း၃၀ - ၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ - ၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | ပျော်ရွှင်ရင်ခုန်စေလှပတဲ့မန္တလာမြေ (People မဂ္ဂဇင်း၏ Miss People) |
| ၁၂း၁၀ - ၆း၁၀ | သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ) |
| ၁၂း၃၅ - ၆း၃၅ | Music Gallery (ရှင်ဖုန်း-ရင်ခုန်မိသူ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Champion League** ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀း၅၅ | Zenit-Bate | STAR SPORTS(Live) |
| ၁း၀၀ | Man Utd-Celtic | ESPN(Live) |
| | Juventus-Real Madrid | STAR SPORTS(Live) |
| ၄း၀၀ | Fenerbahce-Arsenal | ESPN(SDD) |

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမမြောက်နေ့ ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပဉ္စမမြောက်နေ့ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။**

အဆိုပါပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရှေ့နေချုပ်ဦးအေးမောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာကို ချစ်မြတ်နိုးကြသူ ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။



**အဆင့်မြင့် ပညာအဆင့် အမျိုးသမီး မဟာဂီတ အဆို ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသန္တာဌေး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ မကွေးတိုင်းမှ မမေခိုင်လင်း၊ ကချင်ပြည်နယ်မှ မသန္တာဌေး၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်၊ မွန်ပြည်နယ်မှ မအိမြတ်မြတ်ဖြိုး၊ မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူ၊ ဧရာဝတီတိုင်းမှ မကျော်မေခမွန်၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း၊ ရန်ကုန်တိုင်းမှ မမိုးမိုးသူဇာနှင့်မသီရိစုဝေတို့က လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိအမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်အောင်မိုးလွင်၊ ရခိုင်ပြည်နယ်မှ မောင်ဉာဏ်ဝင်း၊ ကချင်ပြည်နယ်မှ မောင်မင်းသန့်ဇော်(ခ) မျိုးမင်းထွန်း၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရဲလွင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ကယားပြည်နယ်မှ မောင်သိဏ်းအေး၊ မန္တလေးတိုင်းမှ မောင်ဇော်ဘိုဘို၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊မန္တလေးတိုင်းမှ မောင်အာကာစိုးလင်းနှင့် ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်တို့က မြိုင်ဟေမာ(ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်ခိုင်ဇာအိ၊ စစ်ကိုင်းတိုင်းမှ မသင်းသင်းခိုင်၊ မန္တလေးတိုင်းမှ မသင်းသင်းမိုး၊ ကယားပြည်နယ်မှ မခင်နှင်းယု၊ ချင်းပြည်နယ်မှ မလဲ့လဲ့အောင်၊ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်၊ ကချင်ပြည်နယ်မှ ဒေါ်ဝင်းဝင်းအေး၊ ရခိုင်ပြည်နယ်မှ ဒေါ်ချောစုလှိုင်၊ ပဲခူးတိုင်းမှ မဇင်သီတာကျော်၊ မကွေးတိုင်းမှ ဒေါ်ချောစုဝင်း၊ ရန်ကုန်တိုင်းမှ မဝမ်းကေဇင်၊ ရှမ်းပြည်နယ်မှ မစုစုထွေး၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ တနင်္သာရီတိုင်းမှ ဒေါ်မြအိခိုင်(ခ) မူယာကိုနှင့် မန္တလေးတိုင်းမှ မစိုးသက်မွန်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



**အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်ကောင်းဇော်ဟိဏ်း ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား အကပြိုင်ပွဲကိုကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်မင်းရဲနောင်၊ ရှမ်းပြည်နယ်မှ မောင်မင်းကျော်ထွန်း၊ မန္တလေးတိုင်းမှ မောင်နိုင်လင်းဦး၊ တနင်္သာရီတိုင်းမှ မောင်ကျော်ဝင်းစိုး၊ ချင်းပြည်နယ်မှ မောင်ဇော်လင်းအောင်(ခ) ဖိုးဇော်၊ ရခိုင်ပြည်နယ်မှ မောင်သန်းနိုင်၊ ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦး(ခ) စိုးကျော်ဖြိုး၊ ကရင်ပြည်နယ်မှ မောင်ပြည့်စုံထွန်း၊ မန္တလေးတိုင်းမှ မောင်စည်သူထွန်း၊ ကချင်ပြည်နယ်မှ မောင်ကျော်မြင့်နှင့် မောင်ထွန်းမင်းဦး၊ မကွေးတိုင်းမှ မောင်မြင့်စိုးဦး၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း(ခ) ဇွဲစစ်နိုင်နှင့် မောင်နေဝင်းထွဋ်နှင့် စစ်ကိုင်းတိုင်းမှ မောင်မိုးမင်းဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်၊ ပဲခူးတိုင်းမှ မောင်ကောင်းဇော်ဟိဏ်း၊ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ ရှမ်းပြည်နယ်မှ မောင်ခွန်သက်နိုင်ဦး၊ ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်၊ ရန်ကုန်တိုင်းမှ မောင်ထိန်နန်ဇော်၊မွန်ပြည်နယ်မှ မောင်အောင်ကျော်ကျော်၊ ချင်းပြည်နယ်မှ မောင်စွမ်းထက်၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်၊ ကချင်ပြည်နယ်မှ မောင်လာဘော်နှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့က တောဟောဝန်လယ် (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ ဒေါ်စည်သူစိုးနှင့် ဒေါ်ခင်ခိုင်ခိုင်လှဲ့၊ မန္တလေးတိုင်းမှ ဒေါ်လွင်မိထွန်းနှင့် ဒေါ်ခင်ဆွေမြကြည်တို့က သာတင့်ဆုံး (ယိုးဒယား)သီချင်းဖြင့် ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။



**ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသမီး အက ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မလဲ့လဲ့အောင် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ်စာသင် ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းမှ ဦးအောင်ကျော်ဇင်၊ ရန်ကုန်တိုင်းမှ ဦးသန်းထွန်းအောင်နှင့် ဦးရန်နိုင်၊ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်း၊ မန္တလေးတိုင်းမှ ဦးသော်ဇင်ဝင်း၊ ပဲခူးတိုင်းမှ ဦးစိုးသိန်း၊ ဧရာဝတီတိုင်းမှ ဦးမျိုးသန့်နှင့် ရခိုင်ပြည်နယ်မှ ဦးဇော်ဇော်အောင်တို့က တောင်ဇမ္ဗူပိုင် (ယိုးဒယား)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မနန်းသီရိခင်ခင်နှင့် မန္တလေးတိုင်းမှ မအေးစုကျော်တို့က မြရည်နန္ဒာ(ဘွဲ့)သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်(ခ) ရှာလိုတို့က သိလ္လာမြေယံ(ကြိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မဖူးသန့်ဇင်အောင်၊ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး၊ ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်၊တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်၊ မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်နှင့် ရန်ကုန်တိုင်းမှ မသိင်္ဂီစိုးတို့က မြသို့ငယ်စိမ်းနု(ဘွဲ့)သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး သုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးကျော်မင်းအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်သူဟိန်းအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားအဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးမောင်နိုင်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်မျိုးအောင်ဦးအဖွဲ့တို့ ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)အထိ အမျိုးသား အိုးစည်အတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်အဖွဲ့၊ ရန်ကုန်တိုင်းမှ အောင်ထွန်းဦး(ခ) စိန်တွတ်တီးအဖွဲ့နှင့် မောင်ဇော်မင်း(ခ) ဖိုးလပြည့်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူအဖွဲ့နှင့် မောင်အောင်မျိုးဝင်း(ခ) အောင်ဖိုးချစ်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ခွန်ဖားအဖွဲ့နှင့် မောင်ရှိုင်းအောင်အဖွဲ့၊ ပဲခူးတိုင်းမှ မောင်ဇော်ဝင်းလှိုင်အဖွဲ့တို့ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ပြည့်စုံအောင်အဖွဲ့နှင့် မောင်ဟိန်းမေတ္တာအဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်ထက်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၆ | ၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ် | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ) | အက | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(တယော)<br>အတီး(တယော) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး)<br>အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) (အမျိုးသား)၊(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(ပတ္တလား)<br>အတီး(ပတ္တလား) | ဝါသနာရှင် (ပထမတန်း)(အမျိုးသမီး)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(စုဝေးခန်းမ) | အတီး(ဒုံမင်း)<br>အတီး(ဒုံမင်း)<br>အတီး(ဒုံမင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)<br>အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) (အမျိုးသား)၊(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း)<br>အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသား) | ၀၉း၀၀<br>၁၃း၀၀ |
| | | အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်) | အရေး (သီချင်းလေ့ကျင့်) ရုပ်စုံသဘင်အဖွဲ့လိုက် | [ဝါသနာရှင်(ပထမတန်း)၊ဝါသနာရှင်(ဒုတိယတန်း)၊အဆင့်မြင့်ပညာ] (အမျိုးသား/အမျိုးသမီး)<br>မဟာပုဒ္ဓဝင်တောထွက်ခန်း(မကွေးတိုင်း) | ၀၉း၀၀<br>၁၉း၀၀ |

# ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၀

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "လူငယ်အားမာန်မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲများကို ယနေ့ညပိုင်းတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပထမပိုင်းပြိုင်ပွဲတွင် ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့က ဆက်လက်ယှဉ်ပြိုင်တင်ဆက်သည်။**

အဆိုပါ ပြဇာတ် ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံကြီးကြပ်သူ ဦးမင်းဆွေ၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ မောင်ဇော်ဝင်း(ပြည်)၊ ဂီတမှူး သရဖူ ဝေယံဟိန်း၊ အဓိကအမျိုးသားသရုပ်ဆောင် ဝင်းသူအောင်၊ အဓိက အမျိုးသမီးသရုပ်ဆောင် ဆွေဆွေမြင့်တို့နှင့် အတူ သရုပ်ဆောင်အဖွဲ့သားများက ဧရာဝတီတိုင်း လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာ လူငယ်များ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ခဲ့မှုများကို သရုပ်ဖော်တင်ဆက် ကပြဖျော်ဖြေကြသည်။

(သတင်းစဉ်)

# စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံအဖွဲ့ မဟာပုဒ္ဒဝင်တောထွက်ခန်း ရုပ်စုံသဘင်ယှဉ်ပြိုင်တင်ဆက်

**နေပြည်တော် အောက်တိုဘာ ၂၀**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာပုဒ္ဒဝင် တောထွက်ခန်း ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့၏ ယှဉ်ပြိုင်မှုအစီအစဉ်ကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေး စခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ရုပ်စုံအကဲဖြတ်ပညာရှင်များနှင့် ရုပ်စုံသဘင်ပညာကို ချစ်မြတ်နိုးသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံအဖွဲ့ကို နာယက ပန်တျာ ဦးမြကြည်နှင့်အဖွဲ့၊ ခေါင်းဆောင် ဦးလင်းဇော်တို့ ဦးဆောင်ပြီး ဇာတ်ညွှန်းနှင့် ဇာတ်ဝင်တေးသီချင်းကို မြင်းခြံ အောင်နိုင်က ရေးသားကာ ဂီတမှူး ရန်ကုန်သက်ဝေ၊ ကြိုးဆွဲခေါင်းဆောင် ဦးစိန်မောင်ဝင်း၊ ဆို ငို ပြော ပညာရှင် တက်ခေတ်လင်းဇော်၊ ပုံ့ပိုးဆိုင်း မြန်မာပြည်ငြိမ်းချမ်းတို့က အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခန်းကို ရုပ်စုံသဘင်ပညာဖြင့် သရုပ်ဖော်တင်ဆက် ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ရုပ်သေးပြိုင်ပွဲကို နံနက်ပိုင်းတွင် အမှတ်(၇) တည်းခိုရေး စခန်း သင်တန်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်သက်နိုင်ဝင်း၊ မန္တလေးတိုင်းမှ ဦးကျော်သက်ဦး၊ ဧရာဝတီတိုင်းမှ ဦးမျိုးလွင်ဦး၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ ကချင်ပြည်နယ်မှ ဦးအောင်မျိုးသူ၊ မကွေးတိုင်းမှ မောင်ရွှေသန့်မောင်၊ မန္တလေးတိုင်းမှ ဦးမင်းဆွေနှင့် ရန်ကုန်တိုင်းမှ မောင်ရဲညီညီတို့က သူငယ်တော်ရုပ်နှင့် မင်းသမီးရုပ်တို့ကို ရုပ်သေးကြိုးဆွဲဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မခိုင်ဇာဖြိုး၊ မကွေးတိုင်းမှ မစုဦးထက်၊ ရန်ကုန်တိုင်းမှ မသီရိရတနာစိုးဟန်၊ မန္တလေးတိုင်းမှ ဒေါ်ဖြိုးပပကျော်၊ ပဲခူးတိုင်းမှ မသန္တာမြင့်(ခ) ဘဲဥမ၊ ရန်ကုန်တိုင်းမှ မနှင်းငယ်ငယ်အောင်နှင့် မန္တလေးတိုင်းမှ ဒေါ်ပြုံးတင်တို့က သူငယ်တော်ရုပ်နှင့် မင်းသမီးရုပ်တို့ကို ရုပ်သေးကြိုးဆွဲဖြင့် ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

**ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသား ရုပ်သေးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးအောင်မျိုးသူက သူငယ်တော်ရုပ်နှင့် မင်းသမီးရုပ်တို့ကို ရုပ်သေးကြိုးဆွဲဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)







**(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့က "လူငယ်အားမာန်မိုးယံဆီသို့" ပြဇာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

# မွန်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့ လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ် ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၀

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲကို ယမန်နေ့ည ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့က လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ်ကို ယှဉ်ပြိုင်တင်ဆက်သည်။**

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဇနီး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

မွန်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူ ဦးတိုင်းကျော်၊ ဒါရိုက်တာ မွန်ပြည်နယ်ကျော်၊ ဇာတ်ညွှန်း အောင်နိုင် (မွန်ပြည်နယ်)၊ ဂီတမှူး စန္ဒရားစိန်လှဝေ၊ ရွာစား စိန်အေးသန်း ဆိုင်းအဖွဲ့၊ ခေါင်းဆောင်မင်းသား နေထက်၊ ခေါင်းဆောင်မင်းသမီး ဂွန်သွယ်အောင်၊ ဇာတ်ပို့ ဇာတ်ရံ အဖွဲ့သားများက မွန်ပြည်နယ် ရေးမြို့နယ် ကျေးရွာတစ်ရွာမှ လူငယ်များ၏ ရပ်ကျိုး၊ ရွာကျိုး၊ တိုင်းပြည်အကျိုးအတွက် စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ကြပုံများကို ပြဇာတ်အနုပညာ ပြည့်ဝစွာဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။ (သတင်းစဉ်)

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Essar E&P South East Asia Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-2 တွင် Seabed Survey တိုင်းတာခြင်းလုပ်ငန်းကို တိုင်းတာရေးရေယာဉ် Century Star-1 ဖြင့် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Seabed Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၃၄ ဒသမ ဝ၆၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၉ မိနစ် ၉ ဒသမ ၄၆၉ဝစက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၉ မိနစ် ၂၅ ဒသမ ၃၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၂ မိနစ် ၁ ဒသမ ၄၄၅၁ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၃၂၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၁ မိနစ် ၄၆ ဒသမ ၄၃၇၄ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၅၂ ဒသမ ဝ၁ဝ၈စက္ကန့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၈ မိနစ် ၅၅ ဒသမ၂၇၆၅ စက္ကန့်တို့ အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-2 တွင် Seabed Survey တိုင်းတာခြင်းလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Century Star-1 ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၃၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပြန်ပေးဆွဲခံထားရသည့် မြန်မာသင်္ဘောသား ၁၄ ဦး ပြန်လည်လွတ်မြောက်၍ ယခုလကုန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်၊ မြန်မာနိုင်ငံတွင် လူသိအများဆုံး ကုန်အမှတ်တံဆိပ်များ၊ ဒဂုံမြို့နယ်က လက်ကိုင်အိတ်လုယူမှုတွင် ဓားထိုးခံရသည့် ကျူရှင်ဆရာမလေး သေဆုံးခြင်းမရှိ၊ လေဘေးသင့်ဒေသများ၌ လူနေအိမ် အလုံး ၆ဝဝဝဝ အထိ ဆောက်လုပ်သွားမည်၊ စဥ့်အချပ်ပေါင်း ၆ဝ ဖြင့် ဖန်တီးမည့် မြန်မာ့အကြီးဆုံး စဥ့်ပန်းချီကားပြုလုပ်၊ ရန်ကုန်-ပုသိမ်ကားလမ်း ပြန်လည်ကောင်းမွန်လာ၊ မြန်မာ့ပထမဆုံး ကွန်ပျူတာတပ်ဆင်ကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပမည်၊ သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ၂၀၀၇-၂၀၀၈ နှစ်အတွင်း အမြင့်မားဆုံးဖြစ်ခဲ့၊ မြန်မာ့ပထမဆုံး ဂေါက်သီးရိုက်သင်တန်းကျောင်း ပြင်ဦးလွင်တွင်ဖွင့်မည်၊ ရခိုင်ပြည်နယ်၌ ပုစွန်လေလံဈေးကွက်ဖွင့်ရန် စီစဉ်နေ၊ မိုးသက်မုန်တိုင်းကြောင့် ပင်လယ်ထဲတွင် မျောနေစဉ် လူသေအလောင်းကို ဖက်တွယ်မိခဲ့ပြီး အသက်ရှင်ခဲ့ရသူ၏ ဖြစ်ရပ်ဆန်း၊ ခေတ်မီဆန်းစက်များကို တစ်နေရာတည်း၌ လေ့လာနိုင်မည့် ဆန်စက်ပြခန်းဖွင့်မည်၊ နင်းနှိပ်ပေးရင်း ဆွဲကြိုးဖြတ်ယူသွားသူနှစ်ဦးအား နှစ်ရက်အတွင်းဖမ်းမိ၊ ကမ္ဘာ့ဘက်စုံ ကြွယ်ဝမှုအရှိဆုံးနိုင်ငံ၊ သေပြီဟုဆိုကာ ရင်ခွဲရုံထဲထည့်ထားသော အမျိုးသမီးအသက်ပြန်ရှုလာသောကြောင့် ဆေးရုံကိုတရားစွဲ၊ ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် သင်္ဘောတစ်စင်း လွတ်မြောက်သွား၊မျက်ရည်များပန်းထုတ်၍စာရေးပြနိုင်သူ၊ ဂါဇာကမ်းမြောင်ဒေသက လျှို့ဝှက်မြေအောက်လိုဏ်ခေါင်းများ တရားဝင်ဖြစ်လာ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အင်တာနက်ပေါ်ကမူပိုင်ခွင့် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူး၍ အောက်တိုဘာ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ ပင်မဆောင်ရှိ အခန်း (၂၀၅)၌ တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ဝင်းက "အင်တာနက်ပေါ်က မူပိုင်ခွင့်" ခေါင်းစဉ်ဖြင့် ဒစ်ဂျစ်တယ်ပြောင်းလဲခြင်းနှင့် အမျိုးမျိုးသော လက်ရာများ ပေါင်းစပ်ခြင်းကြောင့် မူပိုင်ခွင့်အပေါ် စိန်ခေါ်မှု၊ အင်တာနက်ပေါ်၌ လက်ရာများ အသုံးပြုမှုများ၏ မူပိုင်ခွင့်အပေါ် စိန်ခေါ်မှုနှင့် မူပိုင်ခွင့် ချိုးဖောက်မှု ကာကွယ်ရေး၌ နည်းပညာပစ္စည်း ကိရိယာများ၏ အခန်းကဏ္ဍများ စသည်တို့ကို ဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ IT နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများနှင့် စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် (၄) အခန်း(၄) ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာ ပြုပြင်ရန် ကျောက်စုဆောင်းထားရှိမှုကို စက်တင်ဘာ ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်/စည်ပင်)



**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ပျော်ရွှင်စွာဆိုကန္နဲ၊ တွေးကာလေရေးလို့ တီးကာပြိုင်ကြမယ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲ

သတင်းဆောင်းပါး
လှရွှေ(ကေတုမတီ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထမြောက်နေ့ ပြိုင်ပွဲများကျင်းပရာ နေရာအသီးသီးသို့သွားရောက် တွေ့ဆုံမေးမြန်း ကာ ယဉ်ကျေးမှု ဖော်ထုတ်တင်ဆက်မှုများကို စုစည်းဖော်ပြလိုက်ပါသည်။

နေပြည်တော် ရေဆင်း တက္ကသိုလ်နယ်မြေနှင့် အမှတ် (၇) တည်းခိုရေးစခန်း ရွာတော်ပြိုင်ပွဲဝင်များမှာ ငယ်ရွယ်သူများ ဖြစ်သော်



အခြေခံပညာအသက် ၅ နှစ်မှ ၁၀ အမျိုးသမီး အကပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နေသည့် မန္တလေး တိုင်းမှ မဖူးမွန်ထက် ဝင်းအောင် ၏ ကဟန်။

လည်း စိတ်ဓာတ်နှင့် ရည်မှန်းချက်များကြီးမားမှုတို့ကို တွေ့ဆုံမေးမြန်းရာ-

**မစန္ဒီထက်ထက် အခြေခံ (၅-၁၀) (မ) အကပြိုင်ပွဲဝင် မကွေးတိုင်းပြိုင်ပွဲဝင်**

"သမီးအသက်က (၇) နှစ်ပါ။ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာပါ။ သမီးကို မကွေးတိုင်း အကဆရာမ ဒေါ်ညွန့်စိန်က သင်ကြားပြသ ပေးထားပါတယ်။ သမီးပြိုင်ပွဲဝင်တာ အားရကျေနပ်မှုရှိလို့ ပထမရွှေတံဆိပ်ဆု မှန်းထားပါတယ်။ သမီးကြီးလာရင် ဆရာဝန်ကြီးလုပ်မှာ။ မဖြူဖြူကျော်သိန်းလိုပေါ့ ဆရာဝန်ကြီးလုပ်ပြီး သီချင်းဆိုဝါသနာပါသလို သမီးလည်း ဆရာဝန်ကြီး လုပ်ပြီးပြိုင်ပွဲတွေမှာ လိုက်ကနေ မှာ"

**မဦးခင်သိန်း အခြေခံ (၁၅- ၂၀) (မ) အဆို (ခေတ်ဟောင်း/ကာလပေါ်) ရခိုင်ပြည်နယ်ပြိုင်ပွဲဝင်**

"ပြိုင်ပွဲဝင်တာ (၇) ကြိမ်ရှိပါပြီ။ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် တစ်ခုရရှိခဲ့ပါတယ်။ သမီးကို သင်ကြားပေးတာ စစ်တွေမြို့မှ




ဆရာ ဦးမောင်မောင် ဖြစ်ပါတယ်။ သမီးက အဆိုဝါသနာပါတယ်၊ ဒီနှစ်တော့ ကြိုးစားပြီး ပြိုင်ပွဲဝင်တာ အားရလို့ ရွှေတံဆိပ်မှန်းထားပါတယ်။ သမီး ဇာတိက စစ်တွေကပါ။ နောင်နှစ်တွေလည်းဆက်ပြိုင်မှာပါ။"

**မခင်ယဉ်မင်းဆု အခြေခံ (၅-၁၀) (မ)စန္ဒရား၊ ရန်ကုန်တိုင်းပြိုင်ပွဲဝင်**

"ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာပါ။ သမီးဆရာက ရန်ကင်းပညာရေးကောလိပ်က ဆရာဦးအောင်မြင့် ဖြစ်ပါတယ်။ သမီးအသက်က ရှစ်နှစ်၊ ပညာအရည်အချင်းက တတိယတန်း ပညာသင်ကြားနေပါတယ်။ ပထမ ဆုရအောင် ကြိုးစားထားတယ်။ ရွှေတံဆိပ်မှ ယူမှာပါ။"

**မစိမ်းမိုး၊ အဆင့်မြင့်(မ) ပတ္တလား၊ ပဲခူးတိုင်း ပြိုင်ပွဲဝင်**

"ယခုပြိုင်ပွဲနဲ့ဆို ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ။ ပြီးခဲ့တဲ့ (၁၅)ကြိမ်မြောက် ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲမှာ ရွှေတံဆိပ်နဲ့ ပတ္တလားပြိုင်ပွဲမှာ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ ဒီနှစ်တော့ အဆင့်မြင့် (မ) ပတ္တလားနဲ့ ဒုံမင်း နှစ်မျိုးပြိုင်ပွဲဝင်မှာပါ။ သမီးရဲ့ ဆရာက ဖခင် ဦးကျော်ဝင်းဖြစ်ပြီး ငယ်ငယ်ကတည်းက သင်ပြပေးခဲ့ပါတယ်။ ဆရာဦးမြင့်ဇော်နဲ့လည်း သင်ယူခဲ့ပါတယ်။ သမီး အသက်က ၂၁ နှစ်ပါ ပြည်တက္ကသိုလ်မှာ ဒုတိယနှစ်

**အဆင့်မြင့် အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မနှင်းရည်ဝင်း လက်စွမ်းပြပြိုင်နေစဉ်။**

(ပထဝီ) တက်ရောက်သင်ကြား နေပါတယ်။ သမီးက တဲကြီးကုန်းရွာ သဲကုန်းမြို့နယ် ဇာတိဖြစ်ပါတယ်။



**သမီးကအဆိုဝါသနာပါတယ် ဒီနှစ်တော့ ကြိုးစားပြီး ပြိုင်ပွဲဝင်တာအားရလို့ ရွှေတံဆိပ်မှန်းထားပါတယ်။**

မဦးခင်သိန်း
(အခြေခံပညာ ၁၅ နှစ် ၂၀ အမျိုးသမီးအဆို-ခေတ်ဟောင်း/ကာလပေါ်)

အခု ပတ္တလားပြိုင်ပွဲမှာ ရွှေတံဆိပ်မှန်းထားပါတယ်။ သမီးက ပတ္တလားကိုခုနစ်နှစ်သမီးက တည်းက အဖေက သင်ကြားပေးခဲ့တာမို့ ပြိုင်ပွဲဝင်ရတာအားရပါတယ်။ ဒုံမင်းအတီး သင်ကြားပေးတဲ့ ဆရာကတော့ ဆရာဦးစိန်တင်အောင် (တောင်ငူ) ဖြစ်ပါတယ်"

**မောင်စိန်ဗိုလ်ထွားအဖွဲ့ အခြေခံ (၁၅-၂၀) (ကျား)ဒိုးပတ်၊ မန္တလေးတိုင်း**

"(၁၃)ကြိမ်မြောက်ကစပြီး ပြိုင်ပွဲဝင်တာပါ။ ယခု(၁၆)ကြိမ်မြောက်ဆိုတော့ လေးကြိမ်ရှိပါပြီ။ ပြီးခဲ့တဲ့ သုံးကြိမ်လုံး ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ဒီနှစ်လည်း ရွှေတံဆိပ်မှန်းထားပါတယ်။ ကျွန်တော်တို့အဖွဲ့က လူငယ် လေးတွေဖြစ်ပြီး သွက်လက်ထက်မြက်ပါတယ်။ ကျွန်တော့ အသက် ၁၇ နှစ်ပါ။ ဒသမတန်း ပညာသင်ကြားနေပါတယ်။ မန္တလေး ဇာတိဖြစ်ပါတယ်။ ကျွန်တော်တို့ ဆရာကတော့ ဆရာကိုအုန်းငွေနဲ့ သူ့ရဲ့ညီ ဆရာကိုကျော်မင်း မန္တလေး တိုင်းရဲ့နည်းပြဖြစ်ပါတယ်။"





**အခြေခံပညာအသက် ၁၅ နှစ်မှ ၂၀ အမျိုးသားဒိုးပတ် အဖွဲ့လိုက် ပြိုင်ပွဲတွင် စစ်ကိုင်းမှ ဒိုးပတ်အဖွဲ့မြူးကြွစွာဖြင့် ယှဉ်ပြိုင်သည်ကို ပရိသတ်များတစ်ခဲနက် လာရောက်အားပေးကြစဉ်။**

## အောင်ပွဲရ ရန်ကုန်တိုင်း အားကစားအသင်းများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများ၌ အောင်ပွဲရ ရန်ကုန်တိုင်း အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ထံ ၂၀၀၈ ခုနှစ်အောင်ပွဲရအမျိုးသား အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများ အပ်နှံ၍ တိုင်းမှူးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်ကြင်မြိုင်ထံသို့ ၂၀၀၈ခုနှစ် အောင်ပွဲရ အမျိုးသမီးအားကစားအသင်းများက တံခွန်စိုက်ဒိုင်းများ အပ်နှံ၍ တိုင်းမှူး၏ဇနီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ၌ ရန်ကုန်တိုင်း အားကစားအသင်းများအနေဖြင့် စက်တင်ဘာလအထိ တံခွန်စိုက်ဒိုင်း ၂၃ခု ရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သတ္တုဗေဒအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်စက်မှု တက္ကသိုလ်နှင့် သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များမှ သတ္တုဗေဒအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာ ပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို မန္တလေးမြို့ (သို့မဟုတ်)ပြင်ဦးလွင်မြို့၌ နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်၍ အကြိုညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၆ရက် မွန်းလွဲ၂နာရီတွင်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ဆွေးနွေးကြရန် အခမ်းအနားဖြစ်မြောက်ရေး ကော်မတီက ဖိတ်ကြားထားကြောင်း သိရှိရသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေများကို ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး(ငြိမ်း) ဖုန်း-၀၉၅၁၉၂၀၆၂၊ ဦးညွန့်ဌေး ဖုန်း-၇၀၈၈၆၁၊ ဒေါက်တာအေးမြင့် ဖုန်း-၆၂၀၄၅၄၊ ဒေါက်တာကေသီလွင် ဖုန်း-၀၉၅၀၂၉၄၁၀၊ ဒေါက်တာခိုင်ခိုင်အေး ဖုန်း-၆၄၂၄၀၉၊ ဦးသန်းဌေး ဖုန်း-၀၉၅၀၃၈၄၆၅၊ ဦးကျော်စိုး ဖုန်း-၀၉၅၁၅၇၀၁၈၊ ဦးမြင့်စိုး ဖုန်း-၀၉၅၃၁၂၄၈၊ ဒေါက်တာစွဲ့ကြည်သာစိုး ဖုန်း-၀၉၅၁၈၄၄၇၈၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၀၉၂၀၁၃၃၅၁ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း-၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## အသက် (၂၁)နှစ် အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ရပခဇုန် (တောင်ကြီး) ၌ အောက်တိုဘာ ၁၉ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့သည်။ (ကက) အုပ်စု တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ကက) အုပ်စု ယင်းအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## မူးယစ် ကင်းစင် အလှဆင်

**○ ရွှေပြည်သာမြို့နယ်မှ**

ဝဲယာခြေသလုံး ကြေမွပျက်စီး၊ ခြေနှစ်ဖက်တွဲလောင်းဖြစ် အရေပြားသာကျန် စသည့်ဒဏ်ရာများ ရရှိထားကြောင်း တွေ့ရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ နေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ယင်းနေရာတွင် ကတ်ကြေးအသေးတစ်လက်၊ ပလာယာ နှစ်ချောင်း၊ သံဖြတ်လွှအသေး တစ်ခု၊ ဝက်အူလှည့် အသေး သုံးချောင်းနှင့် အကြီးတစ်ချောင်း၊ အပ်ချည်ကြိုးတွဲလျက် ဖိနပ်ချုပ်အပ် တစ်ချောင်း၊ ဝါယာကြိုးတပ်လျက် လက်ပတ်ကြိုးမပါသော အဝိုင်းပုံအနက်ရောင်ဓာတ်ခဲနာရီ တစ်လုံး၊ ဝါယာကြိုးတပ်လျက် ကိုးဗို့ဓာတ်ခဲတစ်လုံး၊ အတွင်းတွင် စပရိန်တပ်လျက် အရှည် ၁ ဒသမ ၅ လက်မခန့်ရှိ ဘောပင်ခေါင်းပိုင်း တစ်ခု၊ ပျက်စီးနေသော လစ်သီယမ်ဘက်ထရီအပိုင်းအစများ၊ အဝါနှင့် အနီရောင် ဝါယာကြိုးတပ်လျက် အရှည် ၁ ဒသမ ၅ လက်မခန့်ရှိ လျှပ်စစ်ဒီတိုနေတာခြောက်ခု၊ပလတ်စတစ်ပန်းစိုက်လျက် အတွင်းတွင် အမိုနီယမ်နိုက်ထရိတ် ယမ်းပြင်း၊ ဘိလပ်မြေမှုန့်နှင့် နှစ်လက်မ သံချောင်းများ၊ ဘောစေ့များ ရောစပ်ထားသည့် လျှပ်စစ်ဒီတိုနေတာမြှုပ်ထားသော အချင်းလေးလက်မခန့်၊ အမြင့်ငါးလက်မခန့်ရှိ ကြေးပန်းအိုးတစ်လုံး၊ ဘိလပ်မြေမှုန့်အနည်းငယ်နှင့် အတွင်းနှင့် အပြင်ဘက်တွင် စက္ကူတိပ်များကပ်လျက် DYNA စာသားပါ အပြာရောင် ဆပ်ပြာခွက်တစ် ခွက်တွေ့ရှိရကြောင်း၊ သက်ဦးဝင်း(ခ)ကတုံး၏ ဒဏ်ရာများပေါ်တွင် ယမ်းဓာတ်များတွေ့ရှိရပြီး အခင်းဖြစ်ရပ်တွင် တွေ့ရှိရသော ပစ္စည်းများ၊ ဒဏ်ရာရရှိမှု၊ သေဆုံးမှုအနေအထားများအရ သက်ဦးဝင်းသည် အဆိုပါ ဗုံးကို ကိုယ်တိုင်တပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စိစစ် ဖော်ထုတ်ချက်များအရ သက်ဦးဝင်း (ခ) ကတုံးသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းတွင်ကျပန်းလုပ်ကိုင်နေသူ တစ်ဦးဖြစ်ကြောင်း၊ ရဟန်းဝတ်၊ လူဝတ်ဖြင့် မကြာခဏပုံစံပြောင်းလဲနေထိုင်သွားလာတတ်ပြီး အရက်သေစာ ကြိုက်နှစ်သက်သူတစ်ဦး ဖြစ်ကြောင်း၊၂၀၀၇ခုနှစ် စက်တင်ဘာလနောက်ပိုင်းတွင် တစ်ဖက်နိုင်ငံ နယ်စပ်သို့ တရားမဝင်သွားရောက်ခဲ့ပြီး မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များသို့ လှည့်လည်သွားလာ လုပ်ကိုင်နေသူဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် မေလခန့်က ဘားအံ၊ မြဝတီမှနေအိမ်သို့ ပြန်လည်ရောက်ရှိကာ မြဝတီမြို့ဘက်သို့ပြန်လည်ထွက်ခွာသွားခဲ့ပြီး လွန်ခဲ့သော ၁၀ရက်ခန့်က နေအိမ်သို့ပြန်လည်ရောက်ရှိလာခဲ့ကြောင်းသိရှိရသည်။ စက်တင်ဘာ ၂၅ ရက်က မဟာဗန္ဓုလပန်းခြံအတွင်း လူခုနစ်ဦး ဒဏ်ရာရရှိခဲ့သော ပေါက်ကွဲမှုဖြစ်စဉ်တွင် တွေ့ရှိရသည့် ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့်ဆက်စပ်ပစ္စည်းများသည် သက်ဦးဝင်းအိမ်၌ ယခုတွေ့ရှိရသော ပစ္စည်းများနှင့် တူညီမှု ရှိသဖြင့် အဆိုပါ ဗုံးပေါက်ကွဲမှုမှာလည်း သေဆုံးသူ သက်ဦးဝင်းနှင့် ဆက်စပ်နိုင်ကြောင်းနှင့် သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိကြောင်း ပြောဆိုလျက်ရှိကြသည်။

(သတင်းစဉ်)



**ချိန်ကိုက်ဗုံးလုပ်ထားသည့် အချင်းလေးလက်မခန့်ရှိပြီး အမြင့်ငါးလက်မခန့်ရှိသော ကြေးပန်းအိုးကို တာဝန်ရှိသူများ သက်မဲ့ပြုလုပ်နေကြစဉ်။** (သတင်းစဉ်)



**သူများမကောင်းကြံသဖြင့် ကိုယ့်ဘေးဒဏ်ထိခဲ့ရသူ သက်ဦးဝင်း (ခ) ကတုံး၏ ရုပ်အလောင်းအား တွေ့ရစဉ်။** (သတင်းစဉ်)



| မဟာဗန္ဓုလပန်းခြံဖြစ်စဉ် | ယခုဖြစ်စဉ် |
|---|---|
| ၁ ဖြက် ၁.၅လက်မ၊ ဒု ၀.၇၅လက်မ အလူမီနီယမ်ပိုက် | ၁ ဖြက် ၁.၅လက်မ၊ ဒု ၀.၇၅လက်မ အလူမီနီယမ်ပိုက် |
| ၂ အနီ၊ အဝါ ဝါယာ(၂)စပါ အချင်း ၆.၄၅ မီလီမီတာ ၊ အရှည် ၄၉.၂၅ မီလီမီတာရှိ လျှပ်စစ်ဒီတိုနေတာ | ၂ အနီ၊ အဝါ ဝါယာ(၂)စပါ အချင်း ၆.၄၅ မီလီမီတာ ၊ အရှည် ၄၉.၂၅ မီလီမီတာရှိ လျှပ်စစ်ဒီတိုနေတာ |
| ၃ အမိုနီယမ်နိုက်ထရိတ်အဖြူရောင်ယမ်းပြင်း | ၃ အမိုနီယမ်နိုက်ထရိတ်အဖြူရောင်ယမ်းပြင်း |

**စက်တင်ဘာ ၂၅ ရက်က မဟာဗန္ဓုလပန်းခြံအတွင်း ပေါက်ကွဲမှုဖြစ်စဉ်တွင် တွေ့ရှိရသည့် ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့်ဆက်စပ်ပစ္စည်းများနှင့် သက်ဦးဝင်း၏အိမ်၌ တွေ့ရှိရသည့် ပစ္စည်းများ နှိုင်းယှဉ်ပြထားသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံတောင်ပိုင်း မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၆၇ လက်မ၊ လွိုင်လင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ရေးမြို့တွင် ၀ ဒသမ ၈၆ လက်မနှင့် ဟသ်္သာတမြို့တွင် ၀ ဒသမ ၆၂ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၁ ရက် ညနေထိခန့်မှန်းချက်။** ။ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၃ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) | ၁၉-၁၀-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) | ၂၀-၁၀-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း | ၂၀-၁၀-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၅ ဒသမ ၂နာရီခန့် | ၁၉-၁၀-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၀-၁၀-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၅၇၈ မမ | ၂၈၆၉မမ | ၃၃၆၀မမ |
| ယနေ့အထိ | (၁၀၁ဒသမ၅၀လက်မ) | ( ၁၁၂ဒသမ ၉၅လက်မ) | (၁၃၂ဒသမ ၂၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၁၀-၂၀၀၈ ရက် ၉း၃၀နာရီအချိန်တွင် အရှေ့မြောက်ဘက်မှ တစ်နာရီ (၄)မိုင်နှုန်း တိုက်ခတ်သည်။

## Yess သကြားလုံးစက်ရုံမှ ငွေသိန်း ၉၀ ခိုးယူသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၀

**ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် Yess သကြားလုံးစက်ရုံ ဗီရို အတွင်း ထားရှိသော ငွေသိန်း ၉၀ ခိုးယူသူတရားခံအား လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၂၈ ရက် နံနက် ၉နာရီခန့်တွင် Yess သကြားလုံးစက်ရုံမန်နေဂျာ ဦးလင်းပြည့်ဗိုလ်သည် အလုပ်သမားများအား လစာပေးရန် ဗီရိုအတွင်း ထားရှိသော ငွေကျပ် သိန်း ၉၀ ပျောက်ဆုံးနေကြောင်း လှိုင်သာယာရဲစခန်းသို့ သွားရောက် တိုင်တန်းခဲ့သည်။ တရားခံအား အမြန်ဖော်ထုတ်နိုင်ရေးအတွက် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ အခင်းဖြစ်စက်ရုံ၊ ရုံးခန်းအား စစ်ဆေးခဲ့ရာ ပြင်ပမှဝင်ရောက်ခိုးယူခြင်းမဟုတ်ဘဲ စက်ရုံဝန်ထမ်းမှ ခိုးယူသည်ဟု သုံးသပ်ရရှိသဖြင့် စက်ရုံဝန်ထမ်းများအတွင်း စုံစမ်းခဲ့ရာ စက်ရုံဝန်ထမ်း မြတ်နိုးကိုကို (၂၀)နှစ်၊ အမှတ် (၅၂)၊ မြဝတီမင်းကြီးလမ်းစက်မှုဇုန်(၄)၊လှိုင်သာယာမြို့နယ် နေသူအား စက်တင်ဘာ ၂၈ရက် ည၈နာရီတွင် ဖော်ထုတ်ဖမ်းဆီးနိုင်သည်။



**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အရေးယူထားသော မြတ်နိုးကိုကို။**

မြတ်နိုးကိုကိုအား စစ်မေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုပြီး ငွေကျပ်သိန်း ၉၀အနက် ငွေကျပ်သိန်း ၇၀ ကို စက်ရုံဂိုဒေါင်မှ လည်းကောင်း၊ ကျန် ကျပ်သိန်း ၂၀ ခန့်ဖြင့် ဝယ်ယူထားသော လက်ဝတ်ရတနာပစ္စည်းများကို လည်းကောင်း ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ မန္တလေးတိုင်း ကိုယ်စားပြု မန်းသိင်္ဂီ ရုပ်စုံသဘင်အဖွဲ့၏ "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ယှဉ်ပြိုင် တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှုကိုကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် အောက်တိုဘာ ၁၉ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ရွှာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည့် မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂီ ရုပ်စုံသဘင်အဖွဲ့၏ "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။**

အဆိုပါ ယှဉ်ပြိုင်တင်ဆက်ရာသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟို အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့လာရေးအဖွဲ့ဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါသည့် ရုပ်စုံပညာရှင်များဖြစ်ကြသော ဦးရွှေနန်းတင်၊ ရွှေဘိုဦးတင်ဆောင်နှင့် ဦးနန်းငွေအောင်တို့ ဦးစီးပြီး မန္တလေးတိုင်း ကိုယ်စားပြု မန်းသိင်္ဂီ ရုပ်စုံအဖွဲ့တွင် ဇာတ်ညွှန်းနန်းမြင့်ဆွေ၊ ကြိုးဆွဲနှင့် ဆိုင်ပြောပညာရှင်များဖြစ်ကြသည့် ဦးကျော်မင်းထွေး၊ ဦးခင်မောင်ထွေးနှင့် ဒေါ်ဥမ္မာမြင့်တို့ခေါင်းဆောင်ပြီး ဦးစိန်ဝမ်းတူးဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကြသည်။

(သတင်းစဉ်)

## စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ကြက်လျှာစံပြကျေးရွာ၏ ဘက်ပေါင်းစုံ တည်ဆောက်မှုမြင်ကွင်းများ

မော်ကျွန်း-မြင့်အောင် (ပြန်/ဆက်)၏

သတင်းဆောင်းပါး စာမျက်နှာ ၃



မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာတွင် လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ထားသည်ကို တွေ့ရစဉ်။



လျှပ်စစ် ဒီတိုနေတာ ခြောက်ခုနှင့် လစ်သီယမ် ဘက်ထရီ အပိုင်းအစများကို တွေ့ရစဉ်။ (သတင်းစဉ်)

# ရွှေပြည်သာမြို့နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ဗုံးထောင်ရန် ဗုံးကိုတပ်ဆင်ပြင်ဆင်နေသူ သေဆုံး

နေပြည်တော် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် ရေပြာလမ်းသွယ် အမှတ်(၂၉၈/က)နေ သက်ဦးဝင်း(ခ)ကတုံး (ဘ)ဦးမြအုန်း၏ နေအိမ်၌ အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးနေကြောင်း တွေ့ရှိရပြီး သေဆုံးနေသူမှာ သက်ဦးဝင်း(ခ)ကတုံးဆိုသူဖြစ်ကြောင်း သိရသည်။ သေဆုံးသူမှာ ဦးခေါင်းရှေ့ဘက်ခြမ်း ကြေမွပွင့်ထွက်၊ ဝဲပခုံးအောက်ကွဲပြတ်ဒဏ်ရာ၊ဝဲလက်ကောက်ဝတ်ပြတ်၊ ယာလက်မောင်း ရင်းထိ အရိုးသာကျန်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**